## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ဆုံးရှုံးနိုင်မှု အခြေခံသော စီမံခန့်ခွဲမှုလမ်းညွှန်ချက်

- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ သတင်းပို့ အဖွဲ့အစည်းများဖြစ်သည့် လိုင်စင်ထုတ်ပေးထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများမှ ဆုံးရှုံးနိုင်မှုအခြေခံသော စီမံခန့်ခွဲမှုစနစ်ထူထောင်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယဖြစ်ဖွယ်အရောင်းအဝယ်များအတွက် သတင်းပေးပို့ရန်တာဝန်၊

  ( ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၈) ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေ အခန်း(၈) ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေဆိုင်ရာ အမိန့်အမှတ်(၄၅/၂၀၁၉) ၊ ဤကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၃/၂၀၁၆)နှင့် ညွှန်ကြားချက်အမှတ်(၁/၂၀၁၉) )
- ဤလမ်းညွှန်ချက်သည် ၂၃-၁၂-၂၀၁၉ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

### အခြေခံသဘောတရား

- နိုင်ငံတော်အစိုးရသည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အဆင့်ဆုံးရှုံးနိုင်ခြေအကဲဖြတ်သုံးသပ်ချက်ကို ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအကဲဖြတ်ချက်အပေါ်အခြေခံ၍ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေများကို ဆုံးရှုံးနိုင်မှုအခြေခံသောနည်းလမ်းဖြင့်ဖော်ထုတ်ရန် ၊ အကဲဖြတ်ရန်နှင့် ထိရောက်စွာကုစားရန် လိုအပ်ပါသည်။
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ လိုင်စင်ရရှိထားသောသတင်းပို့အဖွဲ့အစည်းများအနေဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၏ သဘောသဘာဝနှင့် အခြေအနေတို့ပါဝင်သော ဆုံးရှုံးနိုင်မှုအခြေခံသည့် စီမံခန့်ခွဲမှုစနစ်ကို သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချမှတ်ထားရမည်။

### ကြီးကြပ်စစ်ဆေးရန်ပထမအချက် - ဆုံးရှုံးနိုင်ခြေကိုသတ်မှတ်ဖော်ထုတ်ခြင်း

ဆုံးရှုံးနိုင်ခြေကိုသတ်မှတ်ဖော်ထုတ်ခြင်းဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ခုမှ မိမိကမ်းလှမ်းသည့်ဝန်ဆောင်မှုနှင့်ဆောင်ရွက်ချက်များ၊ ရောင်းဝယ်မှုအမျိုးအစား၊ ရောင်းဝယ်မှုဆောင်ရွက်သည့်နိုင်ငံများနှင့်ပထဝီဒေသအနေအထား၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ စိတ်နေသဘောထားနှင့် အခြားသက်ဆိုင်သောအချက်အလက်များကို ဘက်စုံတိကျစွာ ဆန်းစစ်အကဲဖြတ်ခြင်းမှတစ်ဆင့် ရင်ဆိုင်ကြုံတွေ့ရမည့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယင်းသည်ဆုံးရှုံးနိုင်မှု

အခြေခံသောစီမံခန့်ခွဲမှုနည်းလမ်းတစ်ရပ်ဖြစ်သည်။ ကော်မရှင်မှ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများအနေဖြင့် ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဟု မျှော်မှန်းပါသည် -

- လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ စိတ်နေသဘောထား၊ ကမ်းလှမ်းသည့် ဝန်ဆောင်မှုနှင့်ဆောင်ရွက်ချက်များ ၊ ရောင်းဝယ်မှုအမျိုးအစား၊ ရောင်းဝယ်မှုဆောင်ရွက်သည့်နိုင်ငံများနှင့် ပထဝီဒေသအနေအထားနှင့် အခြားသက်ဆိုင်သောအချက်အလက်များကိုဖော်ထုတ်ရန်၊
- ဘက်စုံတိကျစွာဆန်းစစ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်ဆုံးရှုံးနိုင်ခြေအကဲဖြတ်ဆန်းစစ်မှုရလဒ်များနှင့် သတင်းပို့အဖွဲ့အစည်း၏ ထူးခြားသည့်လက္ခဏာရပ်သို့မဟုတ် လုပ်ငန်းသဘာဝကိုပါ ထည့်သွင်းစဉ်းစားရန်၊
- ဝန်ဆောင်မှုပေးသည့်လုပ်ငန်းသစ်များ သို့မဟုတ် နည်းပညာသစ်များ အသုံးပြု၍ ရောင်းဝယ်ခြင်းသို့မဟုတ် ထူးခြားသောလက္ခဏာရပ်များနှင့်စပ်လျဉ်း၍ အဆိုပါဝန်ဆောင်မှုများကမ်းလှမ်းခြင်းမပြုမီငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆုံးရှုံးနိုင်ခြေများကိုသုံးသပ်အကဲဖြတ်ရန်၊
- စီမံခန့်ခွဲသူများမှစိတ်အားထက်သန်စွာပါဝင်မှုဖြင့် သက်ဆိုင်ရာဌာနခွဲများအားလုံးညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

## ကြီးကြပ်စစ်ဆေးရန်ဒုတိယအချက် - ဆုံးရှုံးနိုင်ခြေများကို စိစစ်အကဲဖြတ်ခြင်း

ဆုံးရှုံးနိုင်ခြေများကို စိစစ်အကဲဖြတ်ခြင်းဆိုသည်မှာ ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်မှုလုပ်ငန်းစဉ်မှ ရရှိလာသော ဆုံးရှုံးနိုင်ခြေများ၏ အကျိုးသက်ရောက်မှုများကို စိစစ်အကဲဖြတ်ခြင်းဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်နှင့် မဟာဗျူဟာကို လုပ်ငန်းစနစ်ဖြင့် ထင်ဟပ်စေပါသည်။ ကော်မရှင်မှ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများအနေဖြင့် ဆုံးရှုံးနိုင်ခြေများကို စိစစ်အကဲဖြတ်ခြင်းအား အထူးသဖြင့် အောက်ပါအချက်များကို သင့်လျော်သလိုဆောင်ရွက်ရန် ရည်ရွယ်ပါသည် -

- ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်ရန်အတွက် လုပ်ငန်းအတွင်းမူဝါဒများနှင့် တိကျစွာ ကိုင်တွယ်ဖြေရှင်းမည့်နည်းလမ်းများထူထောင်ရန်နှင့် အဆိုပါမူဝါဒများနှင့်နည်းလမ်းတို့ဖြင့် အကဲဖြတ်စိစစ်ရာတွင် တိကျ၍လက်တွေ့ကျသောနည်းလမ်းအပေါ် အခြေခံဆောင်ရွက်ရန်၊
- ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်မှုရလဒ်များကိုမှတ်တမ်းတင်ရန်နှင့်အဆိုပါရလဒ်များကို ဆုံးရှုံးနိုင်မှုကုစားရန်အတွက် လိုအပ်သောနည်းလမ်းများဖော်ထုတ်ရာတွင် အသုံးပြုရန်၊
- ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်မှုကို အနည်းဆုံးတစ်နှစ်တစ်ကြိမ် ပုံမှန်ပြန်လည်သုံးသပ်ရန်နှင့်ဆုံးရှုံးနိုင်မှုဖြစ်ရပ်အသစ်များပေါ်ပေါက်ရာတွင်သော်လည်းကောင်း၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအပေါ် ထူးခြားစွာ အကျိုးသက်ရောက်

လာမှုကြောင့်စည်းမျဉ်းသစ်ထုတ်ပြန်သည့်အခါတွင်သော်လည်းကောင်း ယင်းကဲ့သို့ပြန်လည်သုံးသပ်ရန်နှင့် ကော်မရှင်မှ အခါအားလျော်စွာတောင်းခံလာသည့်အခါထုတ်ပေးရန်၊

- ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်မှုလုပ်ငန်းစဉ်တွင် စီမံခန့်ခွဲသူများမှပါဝင်ရန်နှင့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်မှုရလဒ်များကို စီမံခန့်ခွဲသူများထံမှ အတည်ပြုချက်ရယူရန်၊

**ကြီးကြပ်စစ်ဆေးရန်တတိယအချက်- ဆုံးရှုံးနိုင်ခြေများအားစောင့်ကြည့်လေ့လာခြင်းနှင့်ကုစားခြင်း**

ဆုံးရှုံးနိုင်မှုအခြေခံသောနည်းလမ်းဖြင့်ဆောင်ရွက်ရာတွင် သတင်းပို့အဖွဲ့အစည်း များသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူတစ်ဦးချင်းစီ၏ အချက်အလက်များကို ကောက်ယူပြီး လုပ်ငန်းဆောင်ရွက်ချက်များကို အထက်ပါကြီးကြပ်စစ်ဆေးရန်ပထမနှင့်ဒုတိယအချက်များနှင့်အညီ ဆောင်ရွက်ရာမှရရှိလာသော ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်မှု ရလဒ်များနှင့် နှိုင်းယှဉ်အတည်ပြုရန်လိုအပ်သည်။ သတ်မှတ်ဖော်ထုတ်ရရှိသောဆုံးရှုံးနိုင်ခြေများကိုကုစားရန် ထိရောက်သောနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ကော်မရှင်မှ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများ အနေဖြင့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်ချက်များဖြင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရာတွင်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း(၈)၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေ အခန်း (၈)၊ နိုင်ငံတော်သမ္မတရုံး၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာ အမိန့်အမှတ်(၄၅/၂၀၁၉) ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၏ ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) နှင့် (၁/၂၀၁၉) တို့နှင့် အညီဆောင်ရွက်ရန် မျှော်မှန်းပါသည်။ အထူးသဖြင့် -

- ဆုံးရှုံးနိုင်မှုသတ်မှတ်ဖော်ထုတ်ခြင်း နှင့် စိစစ်အကဲဖြတ်ခြင်းအပေါ်အခြေခံသော လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူလက်ခံမှုမူဝါဒဖော်ထုတ်ရန်၊ ဆုံးရှုံးနိုင်ခြေအဆင့်မြင့်မားသည့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ၊ အလေးထားစိစစ်မှုဆောင်ရွက်သည့်အချိန်နှင့် အခြေအနေတို့အား စနစ်တကျ သတ်မှတ်ဖော်ထုတ်ရန်၊ (အခြားသတ်မှတ်ပြဋ္ဌာန်းထားသည့်ဆက်စပ်စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရာတွင် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှု တိုးမြှင့်ဆောင်ရွက်ခြင်းသို့မဟုတ် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်းကိုလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအသစ်တစ်ဦးမှအမေရိကန်ဒေါ်လာ ၁၅,၀၀၀ နှင့်အထက် သို့မဟုတ် ယင်းနှင့်ညီမျှသည့်အခြားမည်သည့်ငွေကြေးဖြင့်မဆို အရောင်းအဝယ်ဆောင်ရွက်ခြင်း သို့မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အခါအားလျော်စွာသတ်မှတ်သည့် ပမာဏကို တစ်ကြိမ်တည်းဖြစ်စေ သို့မဟုတ်ဆက်နွယ်သောအကြိမ်များစွာဖြစ်စေရောင်းဝယ်ခြင်း မပြုမီ ဆောင်ရွက်ရမည်။ အခြားသံသယဖြစ်ဖွယ်ညွှန်ကိန်းများကို အောက်တွင်နမူနာများဖြင့် ဖော်ပြထားပါသည်။ )

- စိစစ်အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းဆုံးရှုံးနိုင်ခြေအဆင့်နှင့်အညီအလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကိုတိုးမြှင့်ဆောင်ရွက်ရမည့်အပြင်လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန်ဟုတ်-မဟုတ် ၊ သံသယဖြစ်ဖွယ်ရှိ-မရှိတို့နှင့်စပ်လျဉ်း၍စိစစ်ဖော်ထုတ်ရန်၊
- စိစစ်အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ဆုံးရှုံးနိုင်ခြေအဆင့်နိမ့်သည်ဟုဖော်ထုတ်ရရှိပါကယင်းဆုံးရှုံးနိုင်ခြေအဆင့်နှင့်အညီရှင်းလင်းလွယ်ကူသောအလေးထားစိစစ်ခြင်းများဆောင်ရွက်ရန်၊
- ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအတွက် သံသယဖြစ်ခြင်း သို့မဟုတ် ဆုံးရှုံးနိုင်ခြေအဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိပါက အဆိုပါ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ်ရှင်းလင်းလွယ်ကူစွာအလေးထားစိစစ်မှုဆောင်ရွက်ခြင်းကို ရပ်ဆိုင်းရန်၊
- အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၊ ပြည်တွင်းပြည်ပတွင်ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင်ဩဇာတိက္ကမရှိသူများ၊၎င်းတို့၏မိသားစုဝင်များနှင့် ၎င်းတို့နှင့်ဆက်နွယ်သူများအပေါ်အလေးထားစိစစ်မှုဆောင်ရွက်ရန် နှင့် အဆိုပါ ပုဂ္ဂိုလ်များမည်သူမည်ဝါဖြစ်သည်ကို စိစစ်ဖော်ထုတ်ရန်၊
- သံသယဖြစ်ဖွယ်ရှိခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းမှရရှိသော ငွေကြေးဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံခြင်း သို့မဟုတ် အလေးထားစိစစ်မှုအရအကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့်ဆက်စပ်မှုရှိခြင်းစသည့်သံသယဖြစ်ဖွယ်ရောင်းဝယ်ဆောင်ရွက်မှုဖြစ်ပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်ကော်မရှင်သို့ အချိန်နှင့်တပြေးညီ အစီရင်ခံတင်ပြရန်၊
- အောက်ပါတို့ကိုမှတ်တမ်းထားရှိရန် -

  (က) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများမည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ခြင်းအတွက်ရယူထားသောသတင်းအချက်အလက်များ၏မိတ္တူများ

  (ခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေအထောက်အထားစာရွက်စာတမ်းများအပါအဝင်မှတ်တမ်းများနှင့် စီးပွားရေးဆောင်ရွက်ချက်များအတွက် စာပေးစာယူ ပြုလုပ်ချက်မိတ္တူများကို လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်မှုပြီးနောက် အနည်းဆုံး (၅)နှစ်တိတိထိန်းသိမ်းထားရန်၊

  (ဂ) သတင်းပေးပို့ချက်နှင့် ဆက်စပ်သည့်စာရွက်စာတမ်းများနှင့်ပေးပို့ခဲ့သည့်သတင်းပေးပို့ချက်များ၏မိတ္တူများကိုသတင်းပေးပို့ပြီးသည့်နေ့မှစ၍ အနည်းဆုံး(၅)နှစ်အထိထိန်းသိမ်းထားရန်၊

**ကြီးကြပ်စစ်ဆေးရန်စတုတ္ထအချက် - ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအစီအစဉ်**

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးထိရောက်မှုရှိစေရန်အတွက် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ထိရောက်သောငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအတွက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကို စီမံခန့်ခွဲသူများပါဝင်မှုဖြင့်သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဌာနတွင်းအစီအမံများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်ထိန်းချုပ်မှု များကိုကျင့်သုံးခြင်း ၊ ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ပြင် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အဆိုပါ မူဝါဒများ ၊ ထိန်းချုပ်မှုများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးရန်နှင့်တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကော်မရှင်မှ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအစီအစဉ်ကို ထိရောက်စွာထူထောင်ရန် မျှော်မှန်းပါသည်။ အထူးသဖြင့် -

- ဆုံးရှုံးနိုင်ခြေများသတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ စောင့်ကြည့် လေ့လာခြင်းနှင့်ကုစားခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ဝန်ထမ်းများအားလုံးအတွက် ခိုင်မာပြီးရှင်းလင်းသောလုပ်ထုံးလုပ်နည်းများပါဝင်သည့်ဌာနတွင်းစီမံချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်နှင့်ထိန်းချုပ်မှုများထူထောင်ရန်၊ ယင်းတို့သည် တစ်ဦးချင်းစီအတွက်သော်လည်းကောင်း သို့မဟုတ် သီးခြားစီအတွက်သော်လည်းကောင်း ပြင်ဆင်နိုင်ပြီး အကောင်အထည်ဖော်နိုင်သည်။
- လိုအပ်ပါကအဆိုပါမူဝါဒများနှင့် ထိန်းချုပ်မှုများအကောင်အထည်ဖော်ခြင်းကို ပြန်လည်သုံးသပ်ရန် နှင့် တိုးမြှင့်ဆောင်ရွက်ရန်၊
- သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်ရာတွင် လိုက်နာမှုရှိ-မရှိစစ်ဆေးရန်နှင့်ထိရောက်မှုရှိစေရန်အတွက် လွတ်လပ်သောစာရင်းစစ်ဆေးမှုဆောင်ရွက်ရန်၊
- ဝန်ထမ်းများအရည်အသွေးမြင့်မားစေရန်နှင့် ပုဂ္ဂိုလ်ရေး၊ လုပ်ငန်းဆောင်ရွက်ချက်နှင့် ငွေရေးကြေးရေးအခြေအနေကိုအကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက်စနစ်တစ်ရပ်ထူထောင်ရန်၊ ဌာနတွင်း မူဝါဒများနှင့်သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်း များကိုဖောက်ဖျက်ပါကသင့်လျော်သောကုစားမှုနှင့်စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူဆောင်ရွက်မှုများလိုအပ်သလိုပါဝင်စေရန်၊
- လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရန် နှင့် သံသယဖြစ်ဖွယ်အရောင်းအဝယ်ဆောင်ရွက်မှုအစီရင်ခံခြင်းအပါအဝင်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်

မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက်ဝန်ထမ်းများအား ပုံမှန်လေ့ကျင့်သင်ကြားရေးအစီအစဉ်များဆောင်ရွက်ရန်၊

**ကြီးကြပ်စစ်ဆေးရန်ပဋ္ဌမအချက် - စီမံခန့်ခွဲသူများပါဝင်ဆောင်ရွက်ခြင်း**

သတင်းပို့အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်အရငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအတွက်ဆုံးရှုံးနိုင်ခြေများကြုံတွေ့မှုကွဲပြားနိုင်ပါသည်။ သို့ဖြစ်ရာငွေကြေး ခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအတွက် ဆုံးရှုံးနိုင်ခြေများကို အဖွဲ့အစည်း၏မဟာဗျူဟာလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်ဆုံးရှုံးခံနိုင်မှု နှင့် အရင်းအမြစ်အခြေအနေအရ အကဲဖြတ်ဆန်းစစ်ရပါမည်။ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ထိရောက်သည့် ဆုံးရှုံးနိုင်မှုအခြေခံသော စီမံခန့်ခွဲမှုမူဘောင်တစ်ရပ်ထူထောင်ရန်နှင့်အချိန်နှင့်တပြေးညီပြင်ဆင်ရန်လိုအပ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက်ခိုင်မာတောင့်တင်းသော စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအကောင်အထည်ဖော်ရန်အကြီးတန်းစီမံခန့်ခွဲသူခန့်အပ်မှု အပါအဝင်စီမံခန့်ခွဲသူများနားလည်မှုရှိစွာတက်တက်ကြွကြွပါဝင်ခြင်းဖြင့် ထူထောင်ရမည်ဖြစ်ပြီး ဌာနခွဲတစ်ခုချင်းနှင့်ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများကို ရှင်းလင်းစွာသတ်မှတ်ထားရမည်။ ကော်မရှင်မှ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများအနေဖြင့် ထိရောက်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးမူဘောင်တွင် သင့်လျော်လုံလောက်သော စီမံခန့်ခွဲသူများပူးပေါင်းပါဝင်မှုဖြင့်ထူထောင်ရန်မျှော်မှန်းပါသည်။ အထူးသဖြင့် -

- အဖွဲ့အစည်း၏ဆုံးရှုံးနိုင်ခြေသတ်မှတ်ဖော်ထုတ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းတို့အရ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး၏ တာဝန်ခံဌာနခွဲအတွက်ကျွမ်းကျင်ဝန်ထမ်းနှင့်အသုံးစရိတ် လုံလောက်စွာ ခွဲဝေချထားရန်၊
- ရာထူးအဆင့်အတန်းနှင့်လျော်ညီစွာသတင်းအချက်အလက်များ၊ မှတ်တမ်းများ၊ မှတ်ပုံတင်စာအုပ်များနှင့်စာရင်းဇယားများရယူခွင့်ရှိသည့်အဆင့်မြင့်အရာရှိတစ်ဦးအား လိုက်နာဆောင်ရွက်ရေးအရာရှိအဖြစ်ခန့်ထားရန်နှင့် သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို သတင်းအချက်အလက်များ၊ သတိပေးစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်း များတောင်းခံခွင့်နှင့် ရယူခွင့်ရှိစေရန်၊
- ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကော်မရှင်ထံ လိုက်နာဆောင်ရွက်ရေးအရာရှိ၏အမည် ၊ ပညာအရည်အချင်း ၊ လိပ်စာ၊ တယ်လီဖုန်းအမှတ်နှင့် အီးမေးလ် လိပ်စာတို့အပါအဝင်ပုဂ္ဂိုလ်ရေးအချက်အချက်များကို အစီရင်ခံတင်ပြရန်နှင့် လိုက်နာဆောင်ရွက်ရေးအရာရှိအပြောင်းအလဲရှိပါက အချိန်နှင့်တပြေးညီ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကော်မရှင်ထံတင်ပြရန်၊
- ဩဇာတိက္ကမရှိသူများနှင့်လုပ်ငန်းထူထောင်ခြင်းသို့မဟုတ် လုပ်ငန်း ဆက်သွယ်ဆောင်ရွက်ခြင်းကဲ့သို့သောငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး

နှင့်စပ်လျဉ်းသည့် အရေးကြီးသောဆုံးဖြတ်ချက်များအတွက် လိုက်နာဆောင်ရွက်ရေးအရာရှိထံမှကြိုတင်ခွင့်ပြုချက်တောင်းခံစေရန်၊

- လိုက်နာဆောင်ရွက်ရေးအရာရှိသည် ဒါရိုက်တာဘုတ်အဖွဲ့နှင့် ကော်မရှင်ထံ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် အောက်ပါအချက်များပါဝင်သော ပုံမှန်အစီရင်ခံစာတင်ပြရန် -

  (က) ဖော်ထုတ်ထားသည့်သံသယဖြစ်ဖွယ်အရောင်းအဝယ်ဆောင်ရွက်မှုများနှင့် ပါဝင်ပတ်သက်မှုများ၊

  (ခ) လိုက်နာဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သတင်းပို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်နှင့် ထိန်းချုပ်မှုများ ခိုင်မာအားကောင်းစေရန် သီးခြားလွတ်လပ်စွာစစ်ဆေးမှုရလဒ်များ၊

  (ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကော်မရှင်တို့၏ လုပ်ငန်းခွင်စစ်ဆေးမှုရလဒ်များ၊

  (ဃ) သတင်းပို့အဖွဲ့အစည်း၏ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းချက်များကုစားရန်ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ၊

- စီမံခန့်ခွဲသူများပါဝင်စေရန် သို့မဟုတ် တစ်နည်းအားဖြင့် စီမံခန့်ခွဲသူများ နှင့် ဝန်ထမ်းများအတွက် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်းများပေးရန်၊

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်ဆက်စပ်၍ သံသယဖြစ်ဖွယ်သတင်းပေးပို့ရန် သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ်အရောင်းအဝယ် ဆောင်ရွက်မှု အစီရင်ခံတင်ပြရန်နှင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် လိုအပ်သောအလေးထား စိစစ်မှုများဖြည့်စွက်ဆောင်ရွက်ရန်နမူနာညွှန်ကိန်းများ

(၁) ငွေသားဖြင့်အရောင်းအဝယ်ဆောင်ရွက်ခြင်းသို့မဟုတ် ပမာဏများပြားသောအရောင်းအဝယ် ဆောင်ရွက်ခြင်း၊

- ငွေသားလက်ခံရန် တောင်းဆိုခြင်း၊
- ကျပ် ၁၀ သန်းနှင့်အထက်အရောင်းအဝယ်ဆောင်ရွက်ခြင်း၊

(၂) သံသယဖြစ်ဖွယ်အပြုအမူများ/အမူအကျင့်များ

- မည်သူမည်ဝါဖြစ်ကြောင်းအတည်ပြုရန်အခက်အခဲရှိသောလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့် အသေးစိတ်သတင်းအချက်အလက်များပံ့ပိုးပေးရန်ဝန်လေးသူဖြစ်ခြင်း၊
- အခြားစာရင်းဖွင့်လှစ်သူနှင့်တယ်လီဖုန်းအမှတ်တူ သို့မဟုတ် လိပ်စာတူပေးခြင်း၊
- မှတ်ပုံတင်ထားခြင်းမရှိသည့် ဘဏ်စာရင်းများမှ ငွေလွှဲပို့ခြင်း၊
- ပုံမှန်မဟုတ်သော သို့မဟုတ် ပြည်ပအင်တာနက်လိပ်စာဖြင့်ဆက်သွယ်ခြင်း၊

(၃) ပုံမှန်မဟုတ်သော ပမာဏများပြားသည့်ရောင်းဝယ်မှုဆောင်ရွက်ခြင်း

- လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေရေးကြေးရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသော အရောင်းအဝယ်ဆောင်ရွက်ခြင်း၊
- ပုံမှန်မဟုတ်သောလျှို့ဝှက်သည့်အပြုအမူပြသခြင်း၊

(၄) ရှုပ်ထွေးသော သို့မဟုတ် ပုံမှန်မဟုတ်သောရောင်းဝယ်မှုပုံစံဖြင့်ဆောင်ရွက်ခြင်း

- အရောင်းအဝယ်ပြုလုပ်ခြင်းမရှိသည့်စာရင်းများအသုံးပြုခြင်း၊
- နားလည်ရန်ခက်ခဲသောအရောင်းအဝယ်များဆောင်ရွက်ခြင်း၊

(၅) နိုင်ငံခြား/ပြည်ပအဖွဲ့အစည်းများနှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ခြင်း သို့မဟုတ်အရောင်းအဝယ်ပြုလုပ်ခြင်း

- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာနည်းလမ်းများလုံလောက်စွာကျင့်သုံးမှုမရှိသည့်နိုင်ငံများတွင်နေထိုင်သော သို့မဟုတ် ယင်းနိုင်ငံများမှလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း သို့မဟုတ် အရောင်းအဝယ်ပြုလုပ်ခြင်း၊

မှတ်စု (၁) ဖော်ပြပါစာရင်းသည်အထူးသီးသန့်စာရင်းမဟုတ်ပေ။ အမျိုးအစားတစ်ခုချင်းစီသည်အားလုံးနှင့် ဆီလျော်မှုရှိမည်မဟုတ်ပေ။

မှတ်စု (၂) FATF မှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ပြန်ခဲ့သည့် " Guidance for a risk- based approach: Securities Sector" ကိုရည်ညွှန်းကိုးကားရန်။